# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ညွှန်ကြားချက်အမှတ် ၁ / ၂၀၂၅

၁၃၈၇ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

## တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်သူများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်၊ တိရစ္ဆာန်များကုန်သွယ်မှုပြုရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိရန် ဦးစီးဌာန၏ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်လွှာပုံစံ(က)ဖြင့် အောက်ပါအထောက်အထားများ ပူးတွဲလျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ ခြောက်လအတွင်း ရိုက်ကူးထားသော(နှစ်လက်မ x တစ်လက်မခွဲအရွယ်) ရောင်စုံဓာတ်ပုံ (အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်း၏ ဥက္ကဋ္ဌ သို့မဟုတ် အမှုဆောင် သို့မဟုတ် ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦး၏ ဓာတ်ပုံဖြစ်ရမည်)၊

(ခ) လုပ်ငန်းတည်ရှိရာလိပ်စာ (တည်နေရာကို လတ္တီကျု၊ လောင်ဂျီကျုဖြင့် ဖော်ပြရမည်)၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (အဖွဲ့အစည်းဖြစ်ပါက အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ် မိတ္တူ သို့မဟုတ် ကုမ္ပဏီ ဖြစ်ပါက ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် မိတ္တူ)၊

(ဃ) မြေပိုင်ဆိုင်မှုနှင့် အသုံးပြုခွင့် အထောက်အထား၊

(င) အဆောက်အအုံ အကွက်ချပုံစံ (Layout Plan)၊

(စ) လုပ်ငန်းစီမံချက်(Work Plan)၊

(ဆ) ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန် ရေရှည်တည်တံ့စေရန် လိုအပ်သော ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ခွာနာလျှာနာရောဂါကင်းရှင်းဇုန်အတွင်း ရောဂါဖြစ်ပွားမှုအခြေအနေအား သိရှိနိုင်ရန် ခွာနာလျှာနာရောဂါစောင့်ကြည့်သည့်ကင်းစောင့်နွားအုပ်စု(Sentinel) ထားရှိပေးမည်ဖြစ်ကြောင်းနှင့် ဦးစီးဌာန၏ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

**တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း၏ အင်္ဂါရပ်များ**

၂။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းသည် အောက်ပါအင်္ဂါရပ်များနှင့်ပြည့်စုံရမည်-

(က) တည်နေရာ အကျယ်အဝန်း နှင့် စပ်လျဉ်း၍-

(၁) ခွာနာလျှာနာရောဂါကင်းရှင်းဇုန်ဧရိယာအတွင်း တည်ရှိရမည်။

(၂) မြေပြင်ပထဝီဝင်အနေအထားအရ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ရန် သင့်လျော်သော နေရာဖြစ်ရမည်။

(၃) မြေပြင်ဧရိယာတစ်ခုလုံးသည် တစ်ဆက်တစ်စပ်တည်းဖြစ်ရမည်။

(၄) သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့ အဆင်ပြေသောနေရာ ဖြစ်ရမည်။

(၅) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးသောမြေ ဖြစ်ရမည်။

(၆) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း တစ်ခုနှင့်တစ်ခုသည် အနည်းဆုံး တစ်ကီလိုမီတာ ကွာဝေးရမည်။

(၇) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း တစ်ခုနှင့်တစ်ခုအကြား ကောင်းမွန်သော ဇီဝလုံခြုံမှုစနစ်ရှိရမည်။

(၈) လုံလောက်သော ရေအရင်းအမြစ်ရှိရမည်။

(၉) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းအတွင်း ထားရှိမည့် တိရစ္ဆာန်ကောင်ရေအလိုက် လုံလောက်သောအကျယ်အဝန်းနှင့် အဆောက်အအုံ ရှိရမည်။

( ခ ) ဆိုင်းဘုတ်နှင့်စပ်လျဉ်း၍-

(၁) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း၏ ဝင်ပေါက်တွင် "တိရစ္ဆာန်ထိန်းသိမ်း စောင့်ကြည့် စစ်ဆေးရေးစခန်း" ဆိုသည့် ဆိုင်းဘုတ် ထားရှိရမည်။

(၂) ဆိုင်းဘုတ်နှင့် ဆိုင်းဘုတ်ပါဖော်ပြချက်များသည် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(၃) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဧရိယာအတွင်း အဝင်အထွက် ဆိုင်းဘုတ်များ၊ လိုအပ်သော သတိပေးဆိုင်းဘုတ်များကို စိုက်ထူခြင်းနှင့် ချိတ်ဆွဲခြင်း ဆောင်ရွက်ထားရှိရမည်။

( ဂ ) ခြံစည်းရိုးနှင့်စပ်လျဉ်း၍-

(၁) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းကို ပြင်ပတိရစ္ဆာန်များ ဝင်ရောက်နိုင်ခြင်း မရှိစေရန်နှင့် ထိန်းသိမ်းထားသည့် တိရစ္ဆာန်များ ပြင်ပသို့ လွတ်ထွက်ခြင်း မရှိစေရန် ခြံစည်းရိုးကို လုံခြုံခိုင်မာစွာ ကာရံထားရှိရမည်။

(၂) တာဝန်ရှိသူများမှအပ ဝင်ထွက်ခြင်းမပြုနိုင်ရန် စီမံထားရှိရမည်။

(ဃ) အဝင်အထွက်ဂိတ်တွင် စစ်ဆေးရေးဂိတ် အဆောက်အအုံများ ပါရှိရမည်။

( င ) လမ်းများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍-

(၁) အဝင်လမ်းနှင့် အထွက်လမ်းကို သီးခြားစီဖောက်လုပ်ထားရှိရမည်။

(၂) အဆောက်အအုံတစ်ခုနှင့် တစ်ခုအကြား ဆက်သွယ်ထားသည့် လမ်းများကို စနစ်တကျစီမံ ဖောက်လုပ်ထားရှိရမည်။

(၃) လမ်းများအားလုံးကို လွယ်ကူစွာသွားလာနိုင်ရေးအတွက် လုံလောက်သော အကျယ်အဝန်းရှိရန်နှင့် ရာသီမရွေး သွားလာနိုင်ရန် စီမံထားရှိရမည်။

( စ ) တိရစ္ဆာန်များ အတင်အချ ပြုလုပ်ခြင်း၊ စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍-

(၁) တိရစ္ဆာန်များ လွယ်ကူစွာ ဆင်းတက်နိုင်ရန် ခိုင်ခံ့သော အတင်အချခုံများ စီမံထားရှိရမည်။

(၂) တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးနိုင်ရန် နေရာများ စီမံထား ရှိရမည်။

(၃) လျှောက်လမ်းနှင့်တန်းများ စီမံထားရှိရမည်။

(ဆ) တိရစ္ဆာန်များ ထိန်းသိမ်းထားရှိရန် အဆောက်အအုံနှင့်စပ်လျဉ်း၍-

(၁) တိရစ္ဆာန်များ ထိန်းသိမ်းထားရှိမည့် အဆောက်အအုံများကို ခြံစည်းရိုး နှစ်ထပ်ဖြင့် ကာရံထားရှိရမည်။

(၂) ခြံစည်းရိုးနှစ်ထပ်၏ ကြားအကွာအဝေးသည် အနည်းဆုံး လေးပေ ကွာဝေး ရမည်။

(၃) နှစ်ထပ်ခြံစည်းရိုးနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဝင်း တစ်ခုလုံး၏ ခြံစည်းရိုးတို့ အကွာအဝေးသည် ဦးစီးဌာန၏ သတ်မှတ်ချက် နှင့် ကိုက်ညီရမည်။

(၄) တိရစ္ဆာန်များ ထိန်းသိမ်းထားရှိမည့် အဆောက်အအုံများသည် နှစ်ထပ် ခြံစည်းရိုးမှ အနည်းဆုံး ပေ ၅၀ ကွာဝေးရမည်။

(၅) နှစ်ထပ်ခြံစည်းရိုးသည် အနည်းဆုံး လေးပေခွဲ မြင့်ရမည်။

(၆) နှစ်ထပ်ခြံစည်းရိုးအတွင်း အဆောက်အအုံများသည် တစ်လုံးနှင့်တစ်လုံး အနည်းဆုံး ပေ ၃၀ ကွာဝေးရမည်။

(၇) တိရစ္ဆာန်အမျိုးအစားအလိုက် သီးခြားအဆောက်အအုံများ ခွဲခြားထားရှိရမည်။

(၈) ခြံအဆောက်အအုံ အဝင်အထွက်တွင် ပိုးသတ်သန့်စင်သည့်စနစ် ထားရှိရမည်။

(၉) တိရစ္ဆာန်များထားရှိရာနေရာသည် တိရစ္ဆာန် အမျိုးအစားအလိုက် တစ်ကောင်အတွက် လိုအပ်သည့် သတ်မှတ်အကျယ်အဝန်း ရှိရမည်။

(၁၀) အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ရမည်။

(၁၁) အခင်းနှင့် အရံအတားသည် လွယ်ကူစွာ ဆေးကြောသန့်စင်နိုင်သော မျက်နှာပြင် ဖြစ်ရမည်။

(၁၂) ကြမ်းခင်းသည် ကွန်ကရစ်အခင်းဖြစ်ရမည်ဖြစ်ပြီး သန့်ရှင်းရလွယ်ကူစေရန် စီမံထားရှိရမည်။

(၁၃) အစာထည့်ရန် လွယ်ကူစေသော၊ သန့်ရှင်းရေးဆောင်ရွက်ရန် လွယ်ကူစေသော၊ တိရစ္ဆာန်များအတွက် အစာစားရန် လွယ်ကူစေသော အစာခွက်များ စီမံထားရှိရမည်။

(၁၄) ကောင်းမွန်သော ရေပေးဝေမှုစနစ် ထည့်သွင်းတည်ဆောက်ထားရှိရမည်။

(၁၅) တိရစ္ဆာန်မစင်၊ အညစ်အကြေးနှင့် အစာအကြွင်းအကျန်များကို စနစ်တကျ စွန့်ပစ်နိုင်ရန် စီမံထားရှိရမည်။

(ဇ) အစာသိုလှောင်ရုံနှင့်စပ်လျဉ်း၍-

(၁) တိရစ္ဆာန်များအတွက် လုံလောက်သော အစာသိုလှောင်နိုင်ရမည်။

(၂) သိုလှောင်ရုံကို ကြွက်၊ ကြက်၊ ငှက်နှင့်အင်းဆက်ပိုးမွှားများ မဝင်ရောက်နိုင်စေရန် စီမံဆောက်လုပ်ထားရှိရမည်။

(၃) အစာအမျိုးအစားအလိုက် သီးခြားသိုလှောင်နိုင်ရန် စီမံထားရှိရမည်။

(၄) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ၍ လေဝင်လေထွက် ကောင်းမွန်ရမည်။

(ဈ) အစာ၊ ရေနှင့်စပ်လျဉ်း၍-

(၁) ဦးစီးဌာနက ခွင့်ပြုထားသော အစာဖြစ်ရမည်။

(၂) သန့်ရှင်းသောရေ လုံလောက်စွာရရှိရေး စီမံထားရှိရမည်။

(၃) အစာနှင့်ရေ လုံလောက်မှုရှိစေရန်နှင့် စဉ်ဆက်မပြတ် ထောက်ပံ့နိုင်ရန် စီမံထားရှိရမည်။

(ည) တိရစ္ဆာန်ဆေးကုသဆောင်နှင့်စပ်လျဉ်း၍-

(၁) တိရစ္ဆာန်များထားရှိသည့် ခြံအဆောက်အအုံနှင့် သီးခြားဆောက်လုပ်ထားရှိရမည်။

(၂) အဆောက်အအုံသည် တိရစ္ဆာန်အမျိုးအစားအလိုက် ကုသမှုဆောင်ရွက်နိုင်သည့် လုံလောက်သော အကျယ်အဝန်းရှိရမည်။

(၃) ဘေးကင်းလုံခြုံ၍ ခိုင်ခံ့ရမည်။

(၄) အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ရမည်။

(၅) အခင်းနှင့်နံရံသည် လွယ်ကူစွာ ဆေးကြောသန့်စင်နိုင်သော မျက်နှာပြင်ဖြစ်ရမည်။

(၆) တိရစ္ဆာန်ထိန်းချုပ်မှုစနစ် စီမံထားရှိရမည်။

(၇) ဆေးသိုလှောင်ခန်းနှင့် တိရစ္ဆာန်ထိခိုက်ရှနာများကုသနိုင်သည့် အခန်းများ ထည့်သွင်းထားရှိရမည်။

(၈) အအေးခန်းစနစ် ပါရှိရမည်။

(၉) နာမကျန်းတိရစ္ဆာန်များထားရှိရန် အဆောက်အအုံကို ဆေးကုသဆောင် ဧရိယာအတွင်း သီးခြားဆောက်လုပ်ထားရှိရမည်။

(ဋ) ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် တိရစ္ဆာန်များထားရှိရန် အဆောက်အအုံနှင့်စပ်လျဉ်း၍-

(၁) တိရစ္ဆာန်များထားရှိသည့် ခြံအဆောက်အအုံနှင့် သီးခြားဆောက်လုပ် ထားရှိရမည်ဖြစ်ပြီး အလုံပိတ်ခန်းဖြစ်ရမည်။

( ၂ ) ဘေးကင်းလုံခြုံ၍ ခိုင်ခံ့ရမည်။

( ၃ ) အလင်းရောင် ကောင်းမွန်ရမည်။

( ၄ ) အခင်းနှင့်နံရံသည် လွယ်ကူစွာ ဆေးကြောသန့်စင်နိုင်သော မျက်နှာပြင်ဖြစ်ရမည်။

( ၅ ) တိရစ္ဆာန်ထိန်းချုပ်မှုစနစ် စီမံထားရှိရမည်။

( ၆ ) ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်များအား စနစ်တကျ မီးရှို့ခြင်းဆောင်ရွက်နိုင်ရန် တိရစ္ဆာန်မီးသင်္ဂြိုဟ်စက် စီမံထားရှိရမည်။

( ဃ ) စီမံအုပ်ချုပ်မှု ဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရာတွင်-

(၁) စီမံခန့်ခွဲရေးရုံးခန်း၊ မှတ်တမ်း ထိန်းသိမ်းခန်း၊ ကွန်ပြူတာခန်း၊ အစည်းအဝေးခန်းမ၊ စတိုခန်း၊ နားနေခန်း၊ ထမင်းစားခန်း တို့ပါရှိရမည်။

(၂) ဆေးဝါးများသိုလှောင်နိုင်ရေး အအေးသိုလှောင်မှုစနစ်(Cold storage) ပါရှိရမည်။

(၃) သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပိုးသတ်သန့်စင်ခြင်းတို့ အလွယ်တကူပြုလုပ်နိုင်ရန်ဆောက်လုပ်ထားရှိရမည်။

(၄) တယ်လီဖုန်း၊ အင်တာနက်(Internet & wifi)စနစ်များ ထည့်သွင်းတပ်ဆင်ထားရှိရမည်။

(၅) လိုအပ်သောနေရာများတွင် လုံခြုံရေးကင်မရာ(CCTV)တပ်ဆင်ထားရှိရမည်။

(င) ဝန်ထမ်းအိမ်ရာကို ဝန်ထမ်းအရေအတွက်အလိုက် လုံလောက်စွာ ဆောက်လုပ်ထားရှိရမည်။

(စ) လုပ်ငန်းဆောင်ရွက်မှုကို အပေါ်စီးမှ မြင်နိုင်စေရန် မျှော်စင်အဆောက်အအုံကို သီးခြား ဆောက်လုပ်ထားရှိရမည်။

**ဓာတ်ခွဲခန်း**

၃။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းတွင် အခြေခံကျန်းမာရေးနှင့် ကနဦးရောဂါစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ အလွယ်တကူ ဆောင်ရွက်နိုင်ရန် ဓာတ်ခွဲခန်းပါရှိရမည်။ ယင်းဓာတ်ခွဲခန်းတွင်-

(က) ဦးစီးဌာနက သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုထားသော ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုသာ အသုံးပြုရမည်။

(ခ) ဓာတ်ခွဲကျွမ်းကျင်ပညာရှင်များ ရှိရမည်။

(ဂ) သတ်မှတ်ဝတ်စုံနှင့် အကာအကွယ်ပစ္စည်းများ ပြည့်စုံစွာထားရှိရမည်။

(ဃ) ဓာတ်ခွဲစစ်ဆေးခြင်းကိစ္စရပ်များကို ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

**သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အားပေးစနစ်**

၄။ သောက်သုံးရေ၊ လျှပ်စစ်ဓာတ်အားပေးစနစ်နှင့်စပ်လျဉ်း၍-

(က) သောက်သုံးရန်သင့်လျော်သည့်သောက်သုံးရေကို အလွယ်တကူနှင့် လုံလောက်စွာ ရရှိစေရန် စီမံထားရှိရမည်။

(ခ) လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန်နှင့် မီးအလင်းရောင် လုံလောက်စွာ ရရှိစေရန် စီမံထားရှိရမည်။

**အညစ်အကြေးစွန့်ပစ်ခြင်းဆိုင်ရာစနစ်များ**

၅။ အညစ်အကြေးစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍-

(က) ပိုးသတ်သန့်ရှင်းခြင်းစနစ်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၊ တိရစ္ဆာန်ဆေးကုခန်း၊ ဓာတ်ခွဲခန်းတို့မှ ထွက်ရှိလာသော အညစ်အကြေးများ၊ စွန့်ပစ်ပစ္စည်းများနှင့် တိရစ္ဆာန်အသေကောင်များစသည်တို့ကို စွန့်ပစ်သည့်စနစ် ပါရှိရမည်။

(ခ) အညစ်အကြေးစွန့်ပစ်ကန်ကို အမိုးအကာ လုံခြုံစွာ စီမံထားရမည်။

(ဂ) အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ချက်အတိုင်း သီးခြားစီခွဲခြားစွန့်ပစ်ရမည်။

(ဃ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းမှ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများကို ပြင်ပသို့စွန့်ပစ်ရာတွင် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများ၏သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမည်။

**ပိုးသတ်သန့်စင်ခြင်းစနစ်**

၆။ ပိုးသတ်သန့်စင်ခြင်းစနစ်နှင့်စပ်လျဉ်း၍-

(က) စခန်းဝင်ပေါက် ထွက်ပေါက်၊ တိရစ္ဆာန်များ အတင်အချ ပြုလုပ်သည့်နေရာ၊ တိရစ္ဆာန်များထားရှိရာခြံ အဆောက်အအုံဝင်ပေါက် ထွက်ပေါက်၊ ဆေးကုသဆောင် ဝင်ပေါက် ထွက်ပေါက်၊ နာမကျန်း တိရစ္ဆာန်များ သီးခြားထိန်းသိမ်းထားရှိရာ အဆောက်အအုံ ဝင်ပေါက် ထွက်ပေါက်၊ ခွဲခန်းဝင်ပေါက် ထွက်ပေါက် စသည့်နေရာများနှင့် ပြင်ပမှ ဝင်ရောက်လာသော လူ၊ ယာဉ်နှင့် အသုံးအဆောင်ပစ္စည်းများ၊ စခန်းအတွင်းရှိ ဝန်ထမ်းများ၊ အသုံးပြုသောယာဉ်နှင့်အသုံးအဆောင်ပစ္စည်းများအတွက် ပိုးသတ်သန့်စင်သည့်စနစ် စီမံထားရှိရမည်။

(ခ) သက်ဆိုင်ရာဦးစီးဌာနမှ ခွင့်ပြုထားသော ပိုးသတ်သန့်စင်ဆေးများကိုသာ အသုံးပြုရမည်။

**တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုစနစ်**

၇။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့်စပ်လျဉ်း၍-

(က) တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုကို တိရစ္ဆာန်ဆေးကုဆရာဝန်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(ခ) ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ဦးစီးဌာန၏ ကြီးကြပ်မှုကိုခံယူရမည်။

**ဇီဝလုံခြုံမှုအစီအမံများ**

၈။ စခန်းအတွင်း ဇီဝလုံခြုံမှုနှင့်စပ်လျဉ်း၍-

(က) ခွင့်ပြုယာဉ်မှအပ ဝင်နိုင် ထွက်နိုင်ခြင်း မရှိစေရန် စီမံထားရှိရမည်။

(ခ) ခြံတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် ခြံတွင်သီးခြားဝတ်ဆင်ရမည့် လုပ်ငန်းဝတ်စုံ၊ ဦးထုပ် (ခေါင်းစွပ်)၊ ဖိနပ် သီးခြားထားရှိရမည်။

(ဂ) ခြံဝန်ထမ်းများအတွက် ခြံအဆောက်အအုံ အဝင်တွင် အဝတ်လဲခန်း၊ ရေချိုးသန့်စင် ခန်းနှင့် လက်ဆေးကန် စသည်တို့ စီမံထားရှိရမည်။

(ဃ) ပြင်ပမှ ဝတ်ဆင်လာသော အဝတ်အစား၊ ဦးထုတ်နှင့် ဖိနပ်များကို အဝတ်လဲခန်း တွင် လဲလှယ်ထားရှိရမည်။

(င) လူ၊ ယာဉ်နှင့် အသုံးအဆောင်ပစ္စည်း အဝင်အထွက် ထိန်းချုပ်နိုင်သည့် စနစ်ထားရှိ ရမည်။

(စ) တာဝန်ရှိသူမှအပ ဝင်ရောက်ခြင်း မပြုနိုင်ရန် စီမံထားရမည်။

(ဆ) သန့်စင်ခန်းကို စနစ်တကျ စီမံထားရှိရမည်။

(ဇ) ခြံအဆောက်အအုံနှင့် ပြင်ပ ဝန်းကျင်ကြား ပိုးသတ်လမ်းကြောင်း ထားရှိရမည်။

(ဈ) တိရစ္ဆာန်အစာနှင့် အညစ်အကြေး သယ်ယူရာ လမ်းကြောင်းကို သီးခြားစီ ထားရှိ ရမည်။

(ည) စီမံအုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် တိရစ္ဆာန်ထားရှိရန် ခြံအဆောက်အအုံများကို သီးခြားစီ တည်ဆောက်ထားရှိရမည်။

(ဋ) လိုအပ်သော နေရာများတွင် အမှိုက်ပုံးများကို လုံလောက်စွာ ထားရှိရမည်။

(ဌ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင် များတွင် ရောဂါကာကွယ်မှုဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားရှိရမည်။

(ဍ) ကြွက်၊ မှက်၊ ခြင်၊ ယင်၊ အင်းဆက်ပိုးမွှားများ ထိန်းချုပ်သည့်စနစ် ရှိရမည်။

(ျ) ခြံအသုံးအဆောင်ပစ္စည်းများကို တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း တစ်ခုနှင့်တစ်ခု မျှဝေသုံးစွဲခြင်း မပြုရ။

(ဏ) ခြံအဆောက်အအုံအတွင်း ချက်ပြုတ်စားသောက်ခြင်း မပြုရ။

(တ) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက်၊ ဇီဝလုံခြုံမှုအစီအမံ၊ ဇီဝဘေးကင်းမှု နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဝန်ထမ်း**

၉။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဝန်ထမ်းနှင့် ပတ်သက်၍-

(က) ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စည်းကမ်းများနှင့် တာဝန်ပေးအပ်မှုဇယား ထားရှိရမည်။

(ခ) သက်ဆိုင်ရာကဏ္ဍအလိုက် ကျွန်းကျင်သော ဝန်ထမ်းများကို လုံလောက်စွာ ခန့်ထားရမည်။

(ဂ) ကျန်းမာရေးကို နှစ်စဉ် စစ်ဆေးပေးရမည်။

(ဃ) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရန် စီမံထားရှိရမည်။

(င) လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခဲ့ပါက ဆက်လက်လုပ်ဆောင်ရမည့် လမ်းညွှန်ချက်များ ချမှတ်ထားရမည်။

(စ) ဝန်ထမ်းအိမ်ရာတွင် နေထိုင်နိုင်စေရေး စီမံထားရှိရမည်။

(ဆ) သတ်မှတ်ဝတ်စုံနှင့် အကာအကွယ်ပစ္စည်းများ ပြည့်စုံစွာ ထားရှိရမည်။

**ထားရှိရမည့်စီမံချက်**

၁၀။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းအတွင်း အောက်ပါစီမံချက်များကို ရေးဆွဲထားရမည်-

(က) ဇီဝလုံခြုံမှုဆိုင်ရာစီမံချက်၊

(ခ) မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာစီမံချက်၊

(ဂ) ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာစီမံချက်၊

(ဃ) လုံခြုံရေးဆိုင်ရာစီမံချက်၊

( င ) အရေးပေါ်ကိစ္စရပ်များဆိုင်ရာစီမံချက်။

**ထားရှိရမည့်မှတ်တမ်း**

၁၁။ အောက်ပါမှတ်တမ်းများကို ပြုစုထားရှိ၍ ယင်းတို့ကို အနည်းဆုံး နှစ်နှစ် ထိန်းသိမ်းထားရှိရမည်-

(က) တိရစ္ဆာန်သယ်ဆောင်မှုဆိုင်ရာမှတ်တမ်း၊

( ခ ) တိရစ္ဆာန် သေဆုံး၊ တင်ပို့မှုပယ်ဖျက် (reject) မှတ်တမ်း၊

( ဂ ) တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်း၊

(ဃ) တိရစ္ဆာန်ဆေးကုသမှုမှတ်တမ်း၊

( င ) တိရစ္ဆာန်ကာကွယ်ဆေးထိုးမှတ်တမ်း၊

( စ ) လူ၊ တိရစ္ဆာန် နှင့် ယာဉ် အဝင်အထွက်မှတ်တမ်းများ၊

(ဆ) ပိုးသတ်သန့်စင်ဆေးအသုံးပြုမှုဆိုင်ရာမှတ်တမ်း၊

( ဇ ) ခြံအသုံးအဆောင်ပစ္စည်း အဝင် အထွက်မှတ်တမ်း၊

( ဈ ) တိရစ္ဆာန်အစာ အဝင် အထွက်မှတ်တမ်းနှင့် သုံးစွဲမှုမှတ်တမ်းများ။

၁၂။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၁ အရ လျှောက်ထားချက်ကို လက်ခံရရှိပါက လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်၍ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည်အပိုဒ်ခွဲ(ခ)အရ တင်ပြချက်ကိုလက်ခံရရှိပါက ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ်ခွဲ(ဂ)အရ တင်ပြချက်ကို လက်ခံရရှိပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေကိုပေးသွင်းစေပြီး လျှောက်ထားသူအား တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ပုံစံ(ခ)ကို ထုတ်ပေးရမည်။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား လိုအပ်ချက်များ ပြည့်စုံအောင်ဆောင်ရွက်စေပြီး ဦးစီးဌာန၏ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၁၃။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်၏ သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၁၄။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူသည် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာန၏ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ အပိုဒ် ၁ ပါ အချက်များနှင့်အညီ အသစ်ပြန်လည်လျှောက်ထားရမည်။

၁၅။ အပိုဒ် ၁၄ အရ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ လျှောက်ထားခြင်းမရှိဘဲ

ခွင့်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပြီးမှ လျှောက်ထားလျှင် စီမံခန့်ခွဲရေးနည်းလမ်းနှင့်အညီ ဦးစီးဌာနက သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၁၆။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်သက်တမ်းကုန်ဆုံးသော်လည်း အသစ်ပြန်လည်လျှောက်ထားခြင်းမရှိပါက မူလတိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်သည် သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၇။ အပိုဒ် ၁၄ အရ အသစ်ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)နှင့်အညီသော်လည်းကောင်း၊ ဦးစီးဌာန၏ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ခ)နှင့်အညီ သော်လည်းကောင်း၊ ဦးစီးဌာန၏ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူးသည် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဂ)နှင့်အညီ သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဃ)နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

**တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူ လိုက်နာရမည့်အချက်များ**

၁၈။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူသည် အောက်ပါတို့ကို လိုက်နာရမည်-

(က) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းသို့ ထည့်သွင်းမည့် တိရစ္ဆာန်များအတွက် ခြံအဆောက်အအုံများကို အသင့်အသုံးပြုနိုင်ရန် စီမံထားရှိရမည်။

(ဂ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းအတွင်း၌ တိရစ္ဆာန်များကို အထီး၊ အမ ခွဲခြား၍ သီးခြားထားရှိရမည်။

(ဃ) တိရစ္ဆာန်များကို တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းအတွင်းသို့ ဝင်ထွက်ခွင့်ပြုရာ၌ အသုတ်လိုက် (batch by batch) ဝင်ထွက်ခွင့်ပေးရမည်။

(င) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းမှ တိရစ္ဆာန်များ ထွက်သွားပြီးပါက ခြံအဆောက်အအုံများနှင့် ခြံအသုံးအဆောင်ပစ္စည်းများကို ဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း ပိုးသတ်သန့်စင်ပြီးမှသာ နောက်တစ်သုတ် ထပ်မံထည့်သွင်းရမည်။

(စ) တိရစ္ဆာန်များနာမကျန်းဖြစ်ခြင်း၊ သေဆုံးခြင်းဖြစ်ပေါ်လျှင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း တာဝန်ရှိသူမှတစ်ဆင့် ဦးစီးဌာနသို့ ချက်ချင်းအစီရင်ခံတင်ပြရမည်။

(ဆ) တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားကြောင်း အတည်ပြုထားသည့် တိရစ္ဆာန်များအားတိရစ္ဆာန်မီးသင်္ဂြိုဟ်စက်ဖြင့် စနစ်တကျ မီးရှို့ဖျက်ဆီးခြင်း ပြုရမည်။

(ဇ) ပြည်ပသို့ တင်ပို့ရန် အရည်အသွေး သို့မဟုတ် အဆင့်မမီသဖြင့် အပယ်ခံရသော တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဈ) သေဆုံးသော တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ည) တိရစ္ဆာန်များကို ညှဉ်းပန်းနှိပ်စက်ခြင်း မပြုစေရေး စီမံထားရှိရမည်။

(ဋ) တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လိုအပ်သလို ဆောင်ရွက်မှုကိုခံယူရမည်။

(ဌ) တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်းနှင့် ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းတို့အတွက် ဦးစီးဌာနက သတ်မှတ်ထားသောအခကြေးငွေကို တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် တိရစ္ဆာန်လက်ဝယ်ရှိသူမှ ဦးစီးဌာနသို့ ပေးသွင်းစေရေး ဆောင်ရွက်ပေးရမည်။

(ဍ) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဎ) ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန် ရေရှည်တည်တံ့စေရန် လိုအပ်သော ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ပံ့ပိုးပေးရမည်။

(ဏ) ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်အတွင်း ရောဂါဖြစ်ပွားမှု အခြေအနေအား သိရှိနိုင်ရန် ခွာနာလျှာနာရောဂါစောင့်ကြည့်သည့် ကင်းစောင့်နွားအုပ်စု(Sentinel) ထားရှိပေးရမည်။

(တ) ဦးစီးဌာန၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်။

၁၉။ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူသည် ဤညွှန်ကြားချက်ပါ အချက်များကို လိုက်နာရန်ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အရေးယူခြင်းခံရမည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

ဒေါက်တာတိုးမင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၅ ( ၀၂၆ )

ရက် စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

ဦးစီးဌာန/တက္ကသိုလ်များ(အားလုံး)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်

တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးကော်မတီများအားလုံး

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်များ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဌာနခွဲမှူးများ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)

ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)

မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများ သိစေရန်)

မိတ္တူကို

မျှောစာတွဲ

လက်ခံစာတွဲ

ပုံစံ(က)

သို့

မြို့နယ်ဦးစီးဌာနမှူး

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

..............................မြို့နယ်

ရက်စွဲ၊..........................

အကြောင်းအရာ။ **တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်လျှောက်ထားခြင်း**

၁။ လျှောက်ထားသူ

(က) အမည် ၊.............................................

( ခ ) အဘအမည် ၊.............................................

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊.............................................

(ဃ) ပညာအရည်အချင်း ၊.............................................

( င ) အခြားအလုပ်အကိုင် ၊.............................................

(စ) အမြဲတမ်းနေရပ်လိပ်စာ ၊.............................................

ဖုန်း/အီးမေးလ် ၊.............................................

၂။ လုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက်များ

(က) လုပ်ငန်းအမည် ၊.............................................

( ခ ) လုပ်ငန်းတည်ရှိရာလိပ်စာ(ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်/ တိုင်း) ၊.............................................
.............................................

( ဂ ) ပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်းပိုင်/ အများပိုင်) ၊.............................................

(ဃ) ထားရှိမည့် တိရစ္ဆာန်အမျိုးအစား (ကျွဲ၊နွား၊ သိုး၊ဆိတ်) ၊.............................................

( င ) ထားရှိနိုင်သည့်ကောင်ရေ ၊.............................................

(စ) ဝန်ထမ်းဦးရေ ၊တိရစ္ဆာန်ဆေးကုဆရာဝန်( )ဦး
၊အခြား ( )ဦး

၃။ လျှောက်လွှာပါအချက်အလက်များ၊ ပူးတွဲတင်ပြသော အချက်အလက်များ မှန်ကန်ကြောင်းနှင့် ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လျှောက်ထားသူလက်မှတ် ၊...................................

အမည် ၊...................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊...................................

ဖုန်းနံပါတ် ၊...................................

ဓာတ်ပုံ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း
# လုပ်ငန်းခွင့်ပြုလက်မှတ်

၁။ လုပ်ငန်းအမည် ……………………………………………………

၂။ (က) ခွင့်ပြုလက်မှတ်အမှတ် ……………………………………………………

(ခ) ဌာနမှ ထုတ်ပေးသည့်ရက်စွဲ ……………………………………………………

၃။ (က) ပိုင်ရှင်အမည် ……………………………………………………

(ခ) အဘအမည် ……………………………………………………

(ဂ) နိုင်ငံသားမှတ်ပုံတင်အမှတ် ……………………………………………………

(ဃ) ပိုင်ဆိုင်မှုအမျိုးအစား ……………………………………………………
(တစ်ဦးတည်းပိုင်၊ အများပိုင်)

(င) အခြားအလုပ်အကိုင် ……………………………………………………

(စ) နေရပ်လိပ်စာ ……………………………………………………

……………………………………………………

(ဆ) စတင်လုပ်ကိုင်သည့်ရက်စွဲ ……………………………………………………

၄။ (က) တိရစ္ဆာန်အမျိုးအစား(ကျွဲ၊နွား၊သိုး/ဆိတ်) ……………………………………………………

(ခ) ထားရှိသည့်ကောင်ရေ ……………………………………………………

၅။ လုပ်ငန်းတည်နေရာ

(က) ရပ်ကွက်၊ ……………………………………………………

(ခ) မြို့နယ်၊ ……………………………………………………

(ဂ) ပြည်နယ်/ တိုင်း၊ ……………………………………………………

၆။ ဖြန့်ဖြူးရေးလုပ်ငန်းသုံးယာဉ်အမျိုးအစား၊ ……………………………………………………

၇။ သက်တမ်းကာလ ……………………………………………………

၈။ သက်တမ်းကုန်ဆုံးရက်၊ ……………………………………………………

အတည်ပြုထုတ်ပေးသူ

လက်မှတ်၊ …………………………………

အမည် ၊ …………………………………

ရာထူး ၊ …………………………………

## လိုက်နာရမည့် စည်းကမ်းချက်များ

၁။ **"တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း လုပ်ငန်း ခွင့်ပြုလက်မှတ်"** ရရှိသူသည် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ စာရင်းအား လစဉ်ပြုစုလက်မှတ်ရေးထိုး၍ မိမိလုပ်ငန်းတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများသို့ လစဉ်ပေးပို့ တင်ပြရမည်။

၂။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အခါအားလျော်စွာစစ်ဆေးမှုကို ခံယူရမည်။

၃။ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လိုအပ် သလို ဆောင်ရွက်မှုကိုခံယူရမည်။

၄။ လုပ်ငန်းတည်နေရာ သို့မဟုတ် ပိုင်ရှင် ပြောင်းလဲဆောင်ရွက်မည်ဆိုပါက ခွင့်ပြုလက်မှတ် အသစ်ထုတ်ပေးရန် ပြန်လည်လျှောက်ထားရမည်။

၅။ ခွင့်ပြုလက်မှတ်ရရှိသူသည် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ် ဆောင်ရွက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆။ ခွာနာလျှာနာရောဂါကင်းရှင်းဇုန် ရေရှည်တည်တံ့စေရန် လိုအပ်သောကာကွယ်ဆေးထိုးနှံ ခြင်း လုပ်ငန်းများကို ပံ့ပိုးပေးရမည်။

၇။ ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်အတွင်း ရောဂါဖြစ်ပွားမှု အခြေအနေအား သိရှိနိုင်ရန် ခွာနာလျှာနာရောဂါ စောင့်ကြည့်သည့် ကင်းစောင့်နွားအုပ်စု (Sentinel) ထားရှိပေးရမည်။

၈။ ဦးစီးဌာနက သတ်မှတ်ထားသည့် မှတ်တမ်းများကို ပြုစုထားရှိ၍ အနည်းဆုံး နှစ်နှစ် ထိန်းသိမ်းထားရှိရမည်။

၉။ လုပ်ငန်းခွင့်ပြုလက်မှတ်သက်တမ်းသည် တစ်နှစ်ဖြစ်ပြီး သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ လျှောက်ထားရမည်။ ခွင့်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပြီးမှ လာရောက်လျှောက် ထားပါက စီမံခန့်ခွဲရေးနည်းလမ်းနှင့်အညီ ဦးစီးဌာနကသတ်မှတ်သည့်ဒဏ်ကြေးငွေကို ပေးဆောင် ရမည်။

၁၀။ ဤလုပ်ငန်းခွင့်ပြုလက်မှတ်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်တစ်စုံတစ်ရာ ပေါ်ပေါက်ပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။